## ရည်ရွယ်ချက်

စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့် လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှု ဆောင်ရွက်သည့်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း(Handset)နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာ ရောက်ရှိနိုင်သည်ကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်

☆ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ဝန်ဆောင်မှု ဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ ကောက်ခံသည့်အခွန်မှာ ကုန်သွယ်လုပ်ငန်းခွန် ဖြစ်ပါသည်။

☆ စားသောက်ဆိုင်လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှုလုပ်ငန်း၊ လက်ကိုင်ဖုန်း(Handset)နှင့်ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအပေါ် ၅% ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများမှ ရငွေအပေါ် ၃% ဖြင့်လည်းကောင်း၊ ရွှေနှင့် လက်ဝတ်ရတနာများရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ၁% ဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး ၎င်းအတွက်ထုတ်ပေးသည့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဖြင့် ရောင်းချသူ/ဝန်ဆောင်မှုဆောင်ရွက်သူက ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံရမည်ဖြစ်ပါသည်။

## လုပ်ငန်းရှင်၏ တာဝန်များ

☆ လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၁(က) နှင့်အညီ အခွန်ထမ်းမှတ်ပုံတင်ခွင့်ပြုရန် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် သတ်မှတ်ပုံစံဖြင့် နှစ်စဉ်လျှောက်ထားပြီး လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ထုတ်ယူရပါမည်။

☆ ထိုသို့မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီ **တစ်လ** သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ **တစ်လ** ကြိုတင်၍ ဆောင်ရွက်ရပါမည်။

## အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း

☆ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်မည့် အခွန်အမှတ်တံဆိပ် အမျိုးအစားများနှင့် အရေအတွက်ကို ခန့်မှန်း၍ သက်ဆိုင်ရာအခွန်ရုံးများတွင် မှာကြားထုတ်ယူရမည်။

☆ ပထမဆုံးအကြိမ် ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန် မလိုအပ်ပါ။

☆ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါ ရှေ့အကြိမ်ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက်အသုံးပြုပြီးအခွန်အမှတ်တံဆိပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထား(ငွေသွင်းချလန်) ပြည့်စုံစွာ တင်ပြနိုင်မှသာ အခွန်အမှတ်တံဆိပ်အား ထပ်မံထုတ်ပေးသွားမည် ဖြစ်ပါသည်။

## အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်

☆ လုပ်ငန်းအမျိုးအစားအလိုက် အသုံးပြုရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများကို ခွဲခြားသတ်မှတ်ထားပါသည်။ ပြေစာများတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- 50 Kyats
- 100 Kyats
- 200 Kyats
- 500 Kyats
- 1000 Kyats
- 5000 Kyats
- 10000 Kyats



(50 Ks) (100Ks) (200Ks) (500Ks) (1000Ks) (5000Ks) (10000Ks)

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း

☆ ပြေစာများအပေါ် ရှင်းလင်းမြင်သာသောနေရာ၌ အခွန်အမှတ်တံဆိပ်များကို စွဲမြဲစွာ ကပ်နှိပ်ရမည်ဖြစ်ပြီး တန်ဖိုးနည်းအခွန်အမှတ်တံဆိပ် အရေအတွက်များပြားစွာ ကပ်နှိပ်ခြင်း၊ QR Code ဖတ်၍မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခု ထပ်၍ စုပြုံကပ်နှိပ်ခြင်း၊ QR Code ပါရှိသော အခွန်အမှတ်တံဆိပ်အပေါ်တွင် QR Code မပါသော အခွန်အမှတ်တံဆိပ်အား အုပ်၍ ကပ်နှိပ်ခြင်း၊ အခွန်အမှတ်တံဆိပ်များအပေါ်တွင် ဆိုင်အမှတ်အသားတံဆိပ်ကို ထပ်၍ ပုံနှိပ်ခြင်း၊ မှင်လုံးကြီးသည့် Marker Pen/Colour Pen များဖြင့် ပယ်ဖျက်ခြင်းများ မပြုလုပ်ရပါ။ ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ် နည်းပါးစေရန်အတွက် ကျသင့်အခွန်နှင့် အနီးစပ်ဆုံးတန်ဖိုးနှင့်တူညီသည့် တန်ဖိုးကြီး အခွန်အမှတ်တံဆိပ်များကို ရွေးချယ်၍ စွဲမြဲစွာကပ်နှိပ်ရပါမည်။

☆ ပြေစာများအပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်များအပေါ်ရှိ QR Code အမှတ်အသားများအား QR Scanner ဖြင့် ဖတ်ရှုပါက အမှတ်တံဆိပ်များအား ကွဲပြားစွာ ဖော်ပြမည်ဖြစ်သဖြင့် သက်ဆိုင်သည့် အခွန်အမှတ်တံဆိပ်များကိုသာ ကပ်နှိပ်အသုံးပြုသွားရန် ဖြစ်ပါသည်။

☆ ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များကို ထုတ်ပေးသည့် ပြေစာပေါ်တွင် အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ရမည်ဖြစ်ပြီး အခွန်အမှတ်တံဆိပ်များအပေါ်တွင် အသုံးပြုပြီးဖြစ်ကြောင်း ball pen ဖြင့်သာ ကန့်လန့်ဖြတ်ခြစ်၍ အမှတ်အသားပြု ဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် QR Code ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရပါမည်။

## အခွန်ပေးသွင်းခြင်း

☆ ကောက်ခံရရှိပြီးသည့် ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ်လကုန်ဆုံးပြီး(၁၀)ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ပေးသွင်းရပါမည်။

## ကြေညာလွှာတင်သွင်းခြင်း

☆ သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး **တစ်လ** အတွင်း၊ နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီး **သုံးလ**အတွင်း သက်ဆိုင်ရာ အခွန်ရုံးတွင် တင်သွင်းရပါမည်။

## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

☆ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါပျက်ကွက်မှုများအပေါ် ဒဏ်ကြေးငွေတပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါသည်-
- ပြေစာများအပေါ်တွင် သတ်မှတ်အခွန်အမှတ်တံဆိပ်များအား ကပ်နှိပ်ထားမှုမရှိခြင်း၊ အခွန်အမှတ်တံဆိပ်တန်ဖိုး လျော့နည်းကပ်နှိပ်ထားခြင်း၊ QR Code ဖတ်၍ မရစေရန် ကပ်နှိပ်ထားခြင်း/ပယ်ဖျက်ထားခြင်း။
- ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း။
- ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးသော်လည်း ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့် ညီမျှသောတန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း။

☆ သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သည့် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀%ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည်-
- (၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
- (၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊
- (၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
- (၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၆၀ သိန်း။

## သတင်းပေးတိုင်ကြားနိုင်ခြင်း

☆ ပြည်သူများအနေဖြင့် စားသောက်ဆိုင်တွင် စားသောက်ခြင်း၊ ဟိုတယ်/တည်းခိုခန်းတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဝယ်ယူခြင်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုရယူခြင်း၊ လက်ကိုင်ဖုန်း(Handset)နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း/ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ ကျသင့်အခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများတောင်းယူကြပါရန်နှင့် ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိခြင်း၊ ကျသင့်အခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း မရှိသော ပြေစာများ ထုတ်ပေးခြင်း သို့မဟုတ် ပြေစာမရရှိခြင်းများ တွေ့ရှိပါ က အထောက်အထားများနှင့်အတူ နီးစပ်ရာအခွန်ရုံးများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## သတင်းပေးသူကိုဆုချီးမြှင့်ခြင်း

☆ သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ခြင်းတို့အတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးချက်အရ ဖော်ထုတ်ရရှိခြင်းဖြစ်ပါက သတင်းပေးတင်ပြသူအားလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဆုကြေးငွေအဖြစ် ချီးမြှင့်ခြင်းခံရမည်ဖြစ်ပါသည်။

☆ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော် ခြင်း ပြုမည်မဟုတ်ပါ။

## အများပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ရန်

☆ ပြည်သူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည် –

- ➢ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို တောင်းခံခြင်း။
- ➢ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ထားခြင်း ရှိ/မရှိ စိစစ်ခြင်း။
- ➢ သတင်းပေးတိုင်ကြားခြင်းနှင့် ဆုကြေးငွေထုတ်ယူခြင်း။




## ကျေးဇူးတင်လွှာ

☆ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။

☆ လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်၍ ရောင်းချခြင်း/ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံကြီးသား ပီသစွာဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

☆ စားသုံးသူ ပြည်သူများသည်လည်း လုပ်ငန်းရှင်များထံမှ ပြေစာတောင်းယူခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ရောက်ရှိရေး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

☆ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်များကို လွတ်ကင်းမှုမရှိစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါသော ပြည်သူများနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန




<u>အသေးစိတ်သိရှိလိုပါက</u> အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ် ၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား ၊ ဖုန်း-၀၂-၄၀၃၀၁၉၂ ၊ ဖုန်း-၀၂-၄၀၃၀၆၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ”






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**